# The Introduction to Chin Political History

## (ချင်းနိုင်ငံရေးသမိုင်း မိတ်ဆက်)

**Pu Thatsavung**

### အပိုင်း (၁)

**ချင်းလူမျိုး၏ မူလဘူတ။**

လူမှုရေးသမိုင်းရှုထောင့်မှ လည်းကောင်း၊ မနုဿဗေဒအရ လည်းကောင်း၊ ဘာသာဗေဒအရ လည်းကောင်း ချင်းလူမျိုးများသည် မွန်ဂိုလ်(Mongol) အနွယ်ဝင်၊ တိဘက်-တရုတ် မိသားစုကြီး ( Tibeto - Chinese Family / Sino-Tibetan) မှ ခွဲထွက်သော တိဘက် - မြန်မာမိသားစု အုပ်စု(Tibeto-Burman Sub-Family)အနက် Assam-Burma Branch ကူကီး - ချင်း (Kuki-Chin) အုပ်စုဝင်များဖြစ်ကြပါသည်။ ချင်းအမျိုး သားတို့သည် လှိုင်မြောင်ကမ်းပါးထူ ထပ်သည့် တောအပြိုင်းပြိုင်း တောင်အထပ်ထပ်မြစ်ချောင်းအသွယ်သွယ် ရောပြွန်းသည့် ဒေသတွင် နေထိုင်သူများ ဖြစ်သည်နှင့်အညီ ဘာသာစကားကွဲ(Dialects)အမျိုးအမျိုးကိုပြောဆိုကြပြီး၊မိမိဘာသာစကားစီဖြင့် မိမိတို့ အမျိုးနာမည်ကိုမှည့်ခေါ်ကြသည်။တနည်းအားဖြင့်ဆိုသော် ချင်းတစ်မျိုးသားလုံး အားညွှန်းဆိုသောဘုံ နာမည်( Common Name / Collective Name /Nomenclature)ချင်းလူမျိုးတို့တွင် မရှိခဲ့ဟု ဆိုရပါမည်။

အနောက်ဘက်ရှိ ဘင်္ဂလီကုလားများက ကူကီး(Kuki)ဟူ၍လည်းကောင်း၊အရှေ့ဘက်ရှိမြန်မာများက ချင်း (Chin) ဟူ၍လည်းကောင်း ခေါ်ကြသည်။ ကူကီးဟူသော စကားလုံးအဓိပ္ပါယ်ကိုသေချာ တိကျစွာမသိရသော်လည်း၊ သာမန်အားဖြင့် တောင်တန်းသားများဟူသောအနက် ဖြစ်ဟန်တူပါသည်။ ချင်းဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ လူသား ဟူ၍ဆိုရပါမည်။ တိဘက်ကုန်းပြင်မြင့်တွင်ချီယန်( Qi'an/Chi'an ) ဟူသော ခွေး၊ ဝက်များမွေးမြူသည့် လူစုရှိရာ ၎င်းတို့သည် တိဘက်ကုန်းပြင်မြင့်အရှေ့တောင် ခြေလျှောအရပ်သို့ရောက်ရှိလာပြီး နှစ်ကာလကြာမြင့်စွာ နေထိုင်ခဲ့ကြ သည်ဟုဆိုပါသည်။ တိဘက်-တရုတ်တို့နှင့်အပြိုင်ယှဉ်ကျေးမှု အဆင့်အတန်းရှိခဲ့ကြပြီး၊ အဆိုပါ တိဘက် - တရုတ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် မလွှဲသာမရှောင်ဘဲ ထိုဒေသကို စွန့်ခွါခဲ့ပြီး အထက်မြန်မာပြည် ဧရာဝတီမြစ်ဖျား အရပ်သို့ ရောက်ရှိလာကြသည်။ ၎င်းအဆိုမှန်ကန်ကြောင်း သာဓကတစ်ခုမှာ ဟူးကောင်းချိုင့်ဝှမ်းမြောက်ဘက်၊ ချင်းတွင်းမြစ်ဖျားတွင် ချင်းရွာဟောင်းနေရာများ ရှိကြောင်း ဆာအလက်ဇန္ဒားမက္ကင်းဇီး ( Sir Alexander Mackenzie) ကဖော်ပြထားခဲ့သည်။ ချီယန်၏ အနက်မှာ ' လူသား 'ဟုပင် ဖြစ်သည်။

အရှို တောင်သားနှင့် မတူချင်းများ၏ ဒေသန္တရ ဘာသာစကားလုံး Thlang ဟူသော စကားလုံးမှ ရွေ့လျားလာသည့် Khlang (ခလင်)မှ Khyang (ခယင်/ချင်း)ဖြစ်ပြီး လူ/ သား ဟူသော အနက် အဓိပ္ပါယ်ရပါသည်။ တနည်းဆိုသော်၊ နတ်လိုတောရိုင်း တိရစ္ဆာန်လို စည်းမဲ့ကမ်းမဲ့ လေလွင့်နေသူများမဟုတ်ဘဲ အိုးနှင့်အိမ်နှင့် စည်းကမ်းရှိရှိအခြေချ နေထိုင်ကြသူများဟု အနက်ယူရပါမည်။

**ချင်းတို့ပုံ့နှံ့လာပုံ**

အဘယ်ကြောင့် ချင်းလူမျိုးတို့ကို မွန်ဂိုလွိုက်အုပ်စု( Mongoloid ) တွင် ထည့်သွင်းထားကြသလဲဆိုလျှင် အာရှတိုက် အလယ်ပိုင်း မွန်ဂိုကုန်းပြင်မြင့်၊ ဂိုဘီ အရပ်မှ စတင်ပေါက်ဖွားလာခဲ့သည်ဟု ယူဆကြရသောကြောင့် ဖြစ်ပါသည်။

ထိုနေရာမှ တောင်ဘက် ဟွန်ဟို၊ ယန်စီ၊ မဲခေါင်၊ သံလွင်မြစ်ကြီးများမြစ်ဖျားခံရာ တရုတ်ပြည် အနောက်မြောက် ဂန်ဆု (Gansu)နှင့် ချင်းဟိုင်( Qinghai ) ဒေသသို့ ရောက်ရှိလာပြီး၊ ၎င်းအရပ်မှ တိဘက်နှင့်တရုတ်ပြည်အကြား၊ တိဘက်

ကုန်းပြင်မြင့်၊အရှေ့တောင်ခြေလျှောအရပ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ ၎င်းမှတဖန် အထက်မြန်မာပြည် ဟူးကောင်းချိုင့်ဝှမ်း၊ ၎င်းမှချင်းတွင်းမြစ်အတိုင်း စုန်းဆင်းလာခဲ့ကြရင်း အနောက်ဘက် အိန္ဒိယနိုင်ငံ၊ Arunachal ပြည်နယ်ဘက်သို့ ကွဲထွက်သူများ၊ ဆွမ္မရာမှ နာဂလဲန်ဖက်၊ ကဘော်ချိုင့်ဝှမ်း မဏိပူရ်သို့ ကွဲထွက်သူများရှိကြ ပါသည်။

ပင်မအုပ်စုသည် ကဘော်မှ ကလေး၊ ယော၊ ဆော၊ လောင်းရှည် စသော တောင်ဖက် ရခိုင်ရိုးမတောင်တန်းတလျှောက် ဧရာဝတီမြစ်ကို ဖြတ်ပြီး အရှေ့ဘက် ပဲခူးရိုးမတလျှောက်သို့ လည်းကောင်းပျံ့နှံ့ကြသူများ ရှိသကဲ့သို့ ကဘော်၊ ကလေး၊ ယော၊ ပုံတောင်ပုံညာအရပ်မှ အနောက်ဘက်ရှိ ချင်းတောင်တန်းသို့ ရောက်ကြသူများလည်း ရှိပါသည်။ ချင်းတောင်တန်းကို လွန်ပြီး လူရှေတောင်တန်းသို့လည်းကောင်း၊ ၎င်းမှတဖန်ဘင်္ဂလာဒေ့ရှ်နိုင်ငံ စစ်တ ကောင်းတောင်တန်းနှင့် ဆီလ်ဟက်တောင်တန်းသို့ရောက်ရှိကြသူများလည်းရှိကြပါသည်။

ထိုသို့ပြန့်ကျဲနေထိုင်ကြရာ ဒေသတစ်ခုလုံး၏ ၅ ပုံ ၁ ပုံ ၌သာ စုစည်းနေထိုင်ကြရသောကြောင့် ထိုနေရာကိုသာ ချင်းပြည်ဟုခေါ်တွင်ရခြင်းဖြစ်ပါသည်။ချင်းလူမျိုးများ စုစည်းနေထိုင်ရာ (Compact Area)၏ ခန့်မှန်းအကျယ်ဧရိယာမှာ စတုရန်းမိုင် (၁၀၀၀၀၀) ခန့်ရှိမည် ဟုယူဆရပါသည်။ တနိုင်ငံလုံးရှိ ချင်းလူဦးရေခန့်မှန်းခြေမှာ သန်း ပေါင်း (၁၀ မှ ၁၅)ခန့်ရှိနိုင်မည်ဖြစ်သော်လည်း မှီတင်းနေထိုင်ရာဒေသအလိုက် နာမည်အမျိုးမျိုး တကွဲတပြားစီ သုံးစွဲကြခြင်းကြောင့်လည်းကောင်း၊ နီးရာလူမျိုးတို့၏ အဖွဲ့အစည်းတွင် ပါဝင်ကြခြင်းကြောင့် လည်းကောင်း၊ မိမိတို့ ကိုယ်တိုင်က “ ချင်း ” ဟု မခံယူသောကြောင့်လည်းကောင်း၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ ကွဲပြားခြားနားမှုကြောင့် လည်းကောင်း၊ ချင်းလူဦးရေကို တိကျစွာ ခန့်မှန်းရန်မလွယ်ကူတော့ချေ။

ယနေ့ချင်းပြည်အဖြစ် မှတ်မှတ်ရရ ပြောဆိုနိုင်သော ဒေသများမှာ မြန်မာနိုင်ငံမှ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအနောက်ဘက် အိန္ဒိယနယ်စပ် တောင်းတန်း(ဝါ) ချင်းတွင်းမြစ်အနောက်ဘက် လေရှီးမြို့နယ်မှ တောင်ဘက် တလျှောက် စစ်ကိုင်းတိုင်း တမူးခရိုင် နှင့် ကလေးခရိုင်၊ မကွေးတိုင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ပခုက္ကူ၊ မင်းဘူး၊ သရက် ခ ရိုင်များ၊ ရခိုင်ပြည်တစ်ဝှမ်းလုံး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရှေ့ပိုင်းတိုင်းရှိ ရန်ဂါမတီ၊ ခကြကျရီ၊ ဘန်ဒရ်ဘန်၊ ဆီလ်ဟက် နှင့် မိုင်မင် ဆိဂ်ခရိုင်များ၊ အိန္ဒိယနိုင်ငံရှိ နာဂလဲန်၊ မဏိပူရ်၊ မီဇိုးရမ်း၊ အာသံ ပြည်နယ်မြောက် Kachar တောင် တန်းခရိုင်၊ Kachar ခရိုင်၊ Tripura ပြည်နယ် အရှေ့မြောက်ခရိုင်တို့ဖြစ်ကြပါသည်။

**ရှေးဦးချင်းနိုင်ငံရေး**

ချင်းလူမျိုးများသည် အခြားသော ကမ္ဘာသူကမ္ဘာသားများ နည်းတူ လူမှုရေးစနစ် အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ရင်း နိုင်ငံရေးစနစ် အမျိုးမျိုးကိုလည်း ကျင့်သုံးလာခဲ့မည်မှာ မြေကြီးလက်ခတ်မလွဲ သေချာပါသည်။ တိဘက်ကုန်းပြင်မြင့်တွင် နေထိုင်ခဲ့စဉ်က ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့ကြောင်းသိရှိထားရကာ ထိုနေရာတွင် အုပ်ချုပ်ရေးစနစ်ကိုပါ ကျင့်သုံးခဲ့မည်ဟု ယူဆရပေမည်။ အုပ်ချုပ်ရေးသည် နိုင်ငံရေးပင် ဖြစ်ရာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားများပါ ပေါ်ပေါက်ဖွယ်ရာ ရှိပေသည်။ ချင်းလူ့အဖွဲ့အစည်းတွင် ကျွန်ပိုင်ရှင်စနစ်နှင့် ပဒေသရာဇ်စနစ် သိသိသာသာ ကွဲပြားခြားနားမည်ဟု ယူဆရန်ခဲယဉ်းလှပေသည်။

အကြောင်းမှာ ပဒေသရာဇ်ခေတ်နှောင်းပိုင်းကာလအထိ ကျေးကျွန်များရှိနေသေးသောကြောင့် ဖြစ်ပါသည်။ ချင်းပဒေသရာဇ်များသည် မိမိတို့ပိုင်နက်နယ်မြေ ကျယ်ပြန့်သည်ဖြစ်စေ၊ကျဉ်းမြောင်းသည်ဖြစ်စေ၊ ကံကျွေးချစနစ်ကိုသော်လည်းကောင်း၊ သက်ဦးဆံပိုင်ဘုရင်စနစ်ကိုသော်လည်းကောင်း၊ ကျင့်သုံးခဲ့သည်ဟုယူ ဆရပါသည်။ သို့ရာတွင် အနောက်တိုင်းသားများကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သြဇာအာဏာကိုင်တွယ်ခြင်းမျိုးကိုမူ ကျင့်သုံးသူများ မဟုတ်ချေ။ နောက်ခံပထဝီအနေအထားအရ၊လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အချင်းချင်း ကူးလူးဆက်ဆံမှုနည်းပါး သောကြောင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအထူးပင်နှေးကွေးခဲ့သည်။ ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားမှုမရှိဘဲ မိရိုးဖလာအိမ်တွင်းစိုက်ပျိုးရေးနှင့် အိမ်မွေးတိရစ္ဆာန်များဖြင့် ရောင့်ရဲတင်းတိမ်နေခဲ့ကြရသည်။ စားနပ်ရိက္ခါများကို မိမိတို့၏

အိမ်တွင်း လုပ်ငန်းများဖြင့် ဖြည့်ဆည်းကြရသည်။ တစ်နေရာတွင်ဝမ်းစာ မဖူလုံနိုင်တော့မှ အခြားဒေသများသို့ ရွှေ့ပြောင်း နေထိုင် လေ့ရှိကြသည်။

အုပ်ချုပ်သူ ချင်းပဒေသရာဇ်မင်းများသည် တစ်တောတစ်ကြက်ဖတွန်အာဏာပြိုင်ဆိုင်ကြရင်း သူတစ်လူ ငါတစ်မင်းဖြင့်နေကြကာ ထီးပြိုင်နန်းပြိုင်မင်းလုပ်နေခဲ့ကြပါသည်။ ဩဇာအာဏာပြိုင်ဆိုင်မှုကြောင့်လည်းကောင်း၊ အမှုအခင်းဖြစ်သောကြောင့်လည်းကောင်း၊ ရန်ကြွေးရန်ဟောင်းကြောင့်လည်းကောင်း အမျိုးအမျိုးတို့ကြောင့် တစ်ရွာ နှင့် တစ်ရွာ စစ်တိုက်ကြလျှင်လည်း စစ်နိုင်သူက စစ်ရှုံးသူအား စစ်လျော်ကြေးတောင်းပြီး မိမိတို့နေရပ် ရပ်ရွာသို့ ပြန်လွှတ်လေ့ရှိကြသည်။တောင်ပိုင်းစော်ဘွားများ အချင်းချင်းနားလည်မှုများစွာ ထားတတ်ကြသည်။ ထို့ကြောင့် ချင်းလူမျိုး တို့ကျင့်သုံးသော နိုင်ငံရေးစနစ်သည် ဂရိမြို့ပြနိုင်ငံရေး (City State) နှင့် ဆင်တူသည့် ကျေးလက်နိုင်ငံရေးစနစ် (Village State) ဟု ဆိုနိုင်ပါသည်။ တနည်းအားဖြင့် ဖက်ဒရယ်ဆန်သော ပဒေသရာဇ်နိုင်ငံရေးစနစ်ဟုဆိုရပါမည်။ ချင်း စော်ဘွားများသည် တစ်ဦးနှင့် တစ်ဦးလေးစားအသိအမှတ်ပြုသောအနေဖြင့် အကြောင်းမရှိဘဲ ကျူးကျော်ရန် ဓလေ့မရှိကြချေ။ တိုင်းတပါးမှ ကျူးကျော်ရန်စမှု များကို သည်းခံ ခွင့်လွှတ်လိုစိတ် လုံးဝမရှိပဲ ရွတ်ရွတ်ချွံချွံ ခုခံ တိုက်ခိုက်လေ့ရှိကြသည်။

ထို့ကြောင့် ဗြိတိသျှ၏ ကျူးကျော်ရန်စမှုကိုလည်း ၁၇၇၆-ခုနှစ်ထိ စွမ်းစွမ်းတမံခုခံခဲ့ကြသည်။ လက်နက်ချင်းမယှဉ်သာဘဲ စစ်ပန်းလွန်းကာ အားမတန်၍သာ မန်လျှော့ အရှုံးပေးကြရလေသည်။ စစ်ရှုံး ၍ ပန်းပေးရသည် ဟုပင် ဆိုရသော်ငြားလည်း ချင်းလူမျိုးတို့၏ ရဲစွမ်းသတ္တိကို ဗြိတိသျှ စစ်အရာရှိများ လက်ဖျားခါရလောက်အောင် ချီးမွမ်းကြရသည်။ လက်နက်အင်အားမတောင့်တင်းပဲ ရရာလက်နက်များကို ဆွဲကိုင်ရင်ဆိုင် တိုက်ခိုက်ကြခြင်းကြောင့် နှစ်ပေါင်းနှစ်ရာကျော်ကြာသည်အထိ ဗြိတိသျှတို့က စစ်ကြောင်းအထပ်ထပ် နှင့် အကြိမ်ကြိမ် ဆင်နွှဲ ပြီးမှ ချင်းပြည်ကို ဆုံးရှုံးမှုမြောက်မြားစွာဖြင့် သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဗြိတိသျှတို့သည် ချင်းပြည်အား သိမ်းပိုက်နိုင်ရန် ကျူးကျော်စစ် အကြိမ်ပေါင်းများစွာ ဆင်နွှဲပြီး၊ ၎င်းတို့ဆုံးရှုံးခဲ့သော ကုန်ကျစရိတ်များအား ပြန်လည်ဖြည့်စွက်ရန်အတွက် ချင်းပြည်ထွက် သစ်ဝါးများနှင့် သစ်တော ထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းဝယ်ဖောက်ကားလို၍ လည်းကောင်း၊ ထိုအရောင်းအဝယ်များမှ အခွန်ငွေများ ရလို၍ လည်းကောင်း၊ ချင်းလူမျိုးများ၏ ဘိုးဘွားပိုင်မြေပေါ်တွင် လက်ဖက်ခြံစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ် ဖောက်ကား ခြင်းအပေါ် အမြတ်ခွန်များ အခွန်ငွေများကောက်ခံလို၍လည်းကောင်း ၊ ၎င်းတို့တိုင်းပြည်ရှိ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်နေ၍လည်းကောင်း ခိုင်လုံသော အကြောင်း ပြစရာ မရှိပဲ ၎င်းတို့ ပိုင်နက်မြေများအား ကျူးကျော်ထိပါး သည်ဟု စွပ်စွဲပြီး လက်နက်အားကိုးဖြင့် ချင်းပြည်နယ် နှင့်ချင်းလူမျိုးတို့ကို မတရားစွဲစစ်ဆင်နွှဲကာ တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်လာခဲ့သည်။ ၎င်းအနက် အင်အားမရှိ၍ စစ်ရှုံးခဲ့ သော်ငြားလည်း လွယ်ကူစွာ အရှုံးပေးခဲ့သည်ကားမဟုတ်ချေ။ ၁၇၇၇မှ ၁၈၃၀အထိ စစ်တကောင်းနယ်မှ အနောက်ဖက် ချင်းများက လည်းကောင်း၊ ၈၂၆မှ ၁၉၀၀အထိ တောင်ပိုင်းချင်းများက လည်းကောင်း၊ ၁၈၂၅မှ ၁၈၉၀ အထိ အနောက်မြောက်နှင့်မြောက်ဘက် ချင်းများက လည်းကောင်း ၁၈၈၅မှ ၁၈၉၆ထိအရှေ့မြောက်အရှေ့နှင့် အရှေ့တောင် ဘက်ရှိ ချင်းများကလည်းကောင်း၊ ရရာလက်နက်များဖြင့် ရဲဝံ့စွာ ရင်ဆိုင် တိုက်ခိုက်ခဲ့ကြလေသည်။ ပလက်ဝနယ်မှ ဆလိန်မင်တောင်တိုက်ပွဲ၊ မင်း တပ်နယ်မှ မလုံပန်းတိုက်ပွဲ၊ တီးတိန်နယ်မှ ဆိယာလုပ်တိုက်ပွဲနှင့် ဆွမ္ဗရာနယ်မှ ကူကီးချင်း အရေးတော်ပုံ တိုက်ပွဲ များသည် ကမ္ဘာကျော်သမိုင်းဝင်စစ်ပွဲများလောက် ရင်ဆိုင်ရခက်ခဲသော ဧရာမစစ်ပွဲများပင်ဖြစ်ပါ သည်။ ဗြိတိသျှတို့သည် လက်နက် အင်အားချင်းလွန်စွာ ကွာခြားလျက်၊၎င်းတို့အားရဲ့ဝံ့စွာ ရင်ဆိုင်တိုက်ခိုက်ရဲ့သော ချင်းတို့၏ရဲစွမ်းသတ္တိ ပြောင်မြောက်မှုအား အထင်မသေးနိုင်ပဲ ချီးကျူးခဲ့ကြကြောင်းကို မှတ်တမ်းများတွင် လေ့လာ ဖတ်ရှုရပါသည်။ ထို့ကြောင့် ချင်းတို့ အားအကြမ်းကိုင်ဖိနှိပ်အုပ်ချုပ်ရမည့်အစား ချိုသာစွာ ချောမော စည်းရုံးပြီး အနုနည်းဖြင့် ကိုင်တွယ်မှ ဆက်ဆံရေး ပြေလည်မည်ကို သဘောပေါက်လာခဲ့ကြသည်။ ဤသို့ဖြင့် ချင်းပြည်အား သိမ်းပိုက် အုပ်ချုပ်နိုင်ရန် နည်းပရိယာယ်နှင့် စစ်ဗျူဟာအမျိုးမျိုးရှာကြံပြီး ၁၈၈၉-၁၈၉၀ခုနှစ်များတွင် ဧရာမစစ်ဆင်ရေး ကြီးကို ဆင်နွှဲခဲ့ကြ လေ့တော့သည်။

အပိုင်း-၂

**ဗြိတိသျှခေတ် ချင်းပြည်အုပ်ချုပ်ရေး**

နယ်ချဲ့အင်္ဂလိပ်တို့သည် ချင်းနိုင်ငံအားနှစ်ပေါင်းများစွာ တိုက်ခိုက်ပြီးမှ သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ချင်းနိုင်ငံရေးစနစ်သည် ခေတ်မမီတော့ချေ။ စော်ဘွားနယ် အချင်းချင်း ရန်စောင်တိုက်ခိုက်ခြင်း၊ အိမ်နီးချင်းများနှင့် မကြာခဏ စစ်တိုက်ခြင်း၊ ခေတ်နှင့်အညီ တိုးတက်နေသော ပတ်ဝန်းကျင်နိုင်ငံနှင့် ဆက်ဆံမှု မရှိခြင်း၊ ပြင်ပလောက နှင့် ကုန်စည် ကူးသန်းရောင်းဝယ်ဖောက်ကားမှုမရှိ၍ လူနေမှုအဆင့်အတန်း နိမ့်ကျလွန်းခြင်း၊ ခေတ်မီကောင်း မွန်သော ကုန်ထုတ်လုပ်ငန်းမရှိခြင်း၊ လက်နက်ခဲယမ်းမီးကျောက်မရရှိခြင်း၊ ခေတ်မီပြီး စည်းစနစ် ကောင်းမွန်သော လက်နက်ကိုင်တပ်ဖွဲ့မထားရှိနိုင်ခြင်း စသည့် အကြောင်းများကြောင့် နယ်ချဲ့တို့၏ ကျူးကျော်တိုက်ခိုက်မှုဒဏ်ကို ရေရှည်တွင် မခံနိုင်ဘဲ လက်မြှောက်အရှုံးပေးရလေတော့သည်။

အင်္ဂလိပ်တို့သည် ချင်းစော်ဘွားများနိုင်ငံအား သိမ်းပိုက်လိုက်သည်နှင့်တပြိုင်နက် Divide & Rules (D&R) ခေါ်သွေးခွဲ အုပ်ချုပ်ရေးစနစ်ကို စတင်ကျင့်သုံးလာလေတော့သည်။ ပထမဦးစွာ သိမ်းပိုက်ထားသော စစ်တကောင်းနယ်အား ဘင်္ဂလားနယ်တွင်ထားပြီး အုပ်ချုပ်ခဲ့သည်။ ထိုနောက်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်(၁၈၂၄-၁၈၂၆)ပြီး၍ အာသံ၊ မဏိပူရ်နှင့် ရခိုင်နယ်တို့ အင်္ဂလိပ်လက်အောက်ရောက်သောအခါ ထိုဒေသများမှ ချင်းအနွယ်ဝင်များဖြစ်သည့် နာဂ၊ ကသည်း၊ ထာဒိုး၊ အရှို၊ ခူမီး၊ မြို၊ ယင်ဒူး၊ ကောက်ကဒန်း စသော သွေးချင်းများသည်လည်း အင်္ဂလိပ်တို့၏ လက်အောက်သို့ ရောက်ရှိလာကြသည်။ ထိုနောက်များ မကြာမီ တြိပူရနှင့် ကချာရ်၊ ကစာရ်နယ်များ ၊ ဂါရို၊ ခါဆီနယ်များကို လည်း သိမ်းပိုက်ကြပြန်သည်။ ထိုနယ်များရှိ ကသည်း ခေါ် မေးတေချင်းများနှင့် မှာရ်၊ လူရှေချင်းများကိုလည်း တပါတည်း သိမ်းပိုက်ကြပြန်သည်။

အင်္ဂလိပ်တို့သည် ၎င်းတို့၏ နယ်ချဲ့ကျူးကျော်စစ်ကို ဆက်လက်ဆင်နွှဲနေရာ မြန်မာနိုင်ငံအောက်ပိုင်းကို သရက်မြို့အထိ ဆက်လက်သိမ်းကြပြန်ပြီး ထိုဒေသရှိ အရှိုနှင့် ချိုးချင်းများအား ၎င်းတို့၏ လက်အောက်တွင် သိမ်းသွင်းကြပြန်သည်။ ထို့ပြင် အထက်မြန်မာပြည်နှင့် နယ်နမိတ်ချင်း ထိစပ်နေသော အရှေ့ချင်းလဲန်ခေါ် ချင်းပြည်ကိုလည်း သက္ကရာဇ် ၁၉၀၅-ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြန်သည်။ ဤသို့ဖြင့် ဘိုးဘေးလက်ထက်ကတည်းက ပိုင်ဆိုင်လာခဲ့ သောတောင်တန်းဒေသတစ်ခုလုံးနီးပါးသည် အင်္ဂလိပ်တို့၏အုပ်ချုပ်မှုအောက်တွင် ကျရောက်ရတော့သည်။

အင်္ဂလိပ်တို့သည် ချင်းတို့၏ ရဲစွမ်းသတ္တိပြောင်မြောက်ပုံကို ကောင်းစွာရိပ်မိသဖြင့် မိမိတို့အား တန်ပြန်မတိုက်ခိုက် မတော်လှန်နိုင်စေရန် ချင်းလူမျိုးတို့ ကိုင်ဆောင်နေသော သေနတ်များကို ဦးစွာသိမ်းဆည်း စုဆောင်းခဲ့သည်။ ချင်းလူမျိုးများထံမှသိမ်းဆည်းရရှိထားသည့်သေနတ်များကို အောက်ပါအတိုင်းလေ့လာ မှတ်သားနိုင်ပါသည်။

| အမှတ်စဉ် | နယ်မြေ | သေနတ်အရေအတွက် |
|---|---|---|
| ၁ | တိုက်ရှုန်း | ၂၅၅ |
| ၂ | ဇာဟောဝ် | ၄၀ |
| ၃ | ဟွာလ်းငိုး | ၇၆ |
| ၄ | ဟားခါး | ၆၅၀ |
| ၅ | ထန်တလန် | ၄၉၀ |
| ၆ | ဖိုးခွါး | ၁၄၀ |
| ၇ | ဟားခါး(တောင်ဘက်) | ၉၄၀ |
| ၈ | ဆီဇန်း(င်) | ၄၃၃ |

| | | |
|---|---|---|
| ၉ | ဆုတ်တဲ | ၃၄၀ |
| ၁၀ | ဆုတ်တဲ(အရှေ့) | ၅၅၃ |
| ၁၁ | ကမ်ဟောက် | ၃၀၇ |
| ၁၂ | ထာဒိုး | ၁၂၃ |
| စုစုပေါင်း | သေနတ်အလက်ပေါင်း | ၄၃၀၂ |

ဗြိတိသျှတို့သည် ၎င်းတို့၏ ဩဇာအာဏာခိုင်မြဲစေရန်အတွက် စော်ဘွားများအား အုပ်ချုပ်ရေးတာဝန်ကို ယူစေပြီး တိုက်ရိုက်အုပ်ချုပ်စေကာ တိုက်သူကြီး၊ ရွာသူကြီးများအဖြစ် မိမိတို့လက်အောက်တွင် အမှုထမ်းဆောင်စေသည်။ ရွာသူကြီးများ၊ တိုက်သူကြီးများမှတဆင့် စစ်တပ်နှင့်ရဲတပ်သားလောင်းများကို စုဆောင်းရသည်။ ချင်းလူမျိုးများအား မိမိတို့ကိုယ်ရံတော်တပ်ဖွဲ့တွင် အမှုထမ်းဆောင်စေခြင်းသည် အလွန် ပါးနပ်လှပေသည်။ ဤနည်းဖြင့် ချင်းတို့၏ ရန်ဆူးရန်ငြောင့်များကို ဖယ်ရှားခဲ့လေသည်။

ချင်းပြည်တစ်ပြည်လုံးအား သိမ်းပိုက်ပြီးနောက် အင်္ဂလိပ်တို့သည် ချင်းပြည် ပြန်လည်ပူးပေါင်းရေးအတွက် စတင်ခြေလှမ်းရန်ပြင်ဆင်ကြလေသည်။ ပထမဦးစွာ မြောက်နှင့်တောင် လူရှေတောင်တန်းအား ၁၈၉၈-ခုနှစ်တွင် ပူးပေါင်းစေပြီး ရခိုင်တောင်တန်းနှင့်ပူးပေါင်းရန် စီစဉ်ကာ နောက်ဆုံးတွင် လက်ရှိမြောက်ပိုင်း ချင်းပြည်နယ် (ထိုစဉ်က ချင်းတောင်)နှင့်ပူးပေါင်းရမည်ဖြစ်သည်။ ဤအစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် THE CHIN HILLS REGULATION ၁၈၉၆ ခေါ် ချင်းတောင်တန်း စည်းမျဉ်းကို ပြဋ္ဌာန်းပေးခဲ့သည်။ ပထမဆုံး ခြေလှမ်းအဖြစ် မြောက်နှင့် တောင် လူရှေတောင်တန်းကို ၁၈၉၈-ခုနှစ်တွင် ပူးပေါင်းစေနိုင်ခဲ့သည်။ ကျန်ဒေသများ မပူးပေါင်းပေးနိုင်မီ ကမ္ဘာစစ်ကြီးများ ဖြစ်ပွါးလာခဲ့သဖြင့် ချင်းတောင်တန်း ပူးပေါင်းရေးလုပ်ငန်းများကို ဆက်လက်မဆောင်ရွက်နိုင်ကြတော့ချေ။

ပထမကမ္ဘာစစ်ကြီးကာလတွင် အင်္ဂလိပ်တို့သည် ၎င်းတို့၏ စစ်မျက်နှာများသို့ ချင်းလူမျိုး ထောင်ပေါင်းများစွာအား ချောဆွဲခဲ့လေသည်။ ထိုသို့ ချောဆွဲသည်ကို မလိုက်လျောသော ချင်းများနှင့် တိုက်ပွဲများဖြစ်ခဲ့ရလေသည်။ ထိုမျှသာမက မကြာခဏ ချင်းတို့၏ ဆန့်ကျင် တိုက်ခိုက်မှုကို ခံနေကြသဖြင့် ချင်းလူမျိုးတို့အား နိုင်ငံရေးလုပ်ကိုင် ခွင့်မပေးဘဲ မိမိတို့သစ္စာခံဝန်ထမ်းများအတွက် လေ့ကျင့်ပျိုးထောင်ကြသည်။ စာသင်ကျောင်းများဖွင့်လှစ်ပေးခြင်း၊ ဝန်ထမ်းများခန့်အပ်ပေးခြင်းများပြုလုပ်လာသည်။ ကုန်ထုတ်လုပ်ငန်းများခေတ်နောက်ကျလွန်းသဖြင့် မြေပြန့် ဒေသများကဲ့သို့ မြေခွန်တော်များအား မထားနိုင်သောကြောင့် အင်ပါယာ၏ လုံခြုံရေးအတွက် ချင်းစစ်တပ်ကို ဖွဲ့စည်းကာ အသုံးချလေတော့သည်။ အင်္ဂလိပ်အုပ်ချုပ်ရေးစတင်သည်နှင့် ခရစ်ယာန်သာသနာပြုများ ရောက်ရှိလာကြကာ ချင်းစာပေများ တီထွင်သင်ကြားပေးသော စာသင်ကျောင်းများပေါ်ပေါက်လာသည်။ စာပေသင်ကြား တတ်မြောက်ခြင်းဖြင့် စစ်ဖက် နယ်ဖက် ဝန်ထမ်းများပေါ်ပေါက်လာသည်။

ချင်းတောင်တန်းစည်းမျဉ်းကို ဆက်လက်အကောင်အထည်ဖော်သည့်အနေဖြင့် ၁၉၁၁-ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၁၇-ခုနှစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင်ပြင်ဆင်တိုးချဲ့ခဲ့သည်။ ထိုစည်းမျဉ်းအရ ယခင်ပခုက္ကူတောင်တန်းအား မကွေးတိုင်းမှခွဲထုတ်ပြီး ချင်းတောင်(ဖလမ်းခရိုင်)သို့သွတ်သွင်းသည်။ ဤအတွက်ကြောင့်လည်း ချိုးချင်းများ၏ ဆန့်ကျင် တိုက်ခိုက်ခြင်း ခံကြရသည်။ ဤဆောင်ရွက်ချက်မှာ ချင်းလူမျိုးများအဖို့ သင့်တော်လျှောက်ပတ်သော အရာဖြစ်ပြီး ချင်းတို့ကိုယ်တိုင်အတွက်မှု အထူးခက်ခဲပေလိမ့်မည်ဖြစ်သည်။ ကန်ပက်လက်မြို့တွင် နယ်ပိုင်ဝန်ထောက်အား ခန့်ထားကာ ပခုက္ကူတောင်တန်းကို အုပ်ချုပ်စေသည်။ ရခိုင်တောင်တန်းဖြစ်သော ပလက်ဝနယ်ကိုလည်း ရခိုင်တိုင်းမင်းကြီး၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှ ခွဲထုတ်ကာ ချင်းတောင်အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ ချင်းတောင်တစ်ခုလုံးအား စစ်ကိုင်းတိုင်းမှတိုင်းမင်းကြီးတစ်ဦးက အုပ်ချုပ်ရသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်

ရခိုင်တောင်တန်းခရိုင် ခေါ် ပလက်ဝနယ်ကိုမူ ရခိုင်မင်းကြီးက ချင်းတောင်အုပ်ချုပ်ရေးလမ်းစဉ်အတိုင်း စီမံခန့်ခွဲပေး ရသည်။ ချင်းတောင်နှင့်ပူးပေါင်းရန် ပထမခြေလှမ်းဟုဆိုရပါမည်။

အင်္ဂလိပ်တို့သည် ချင်းတောင်အား တံခါးပိတ်အုပ်ချုပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများတွင် အမျိုး သားရေးနိုးကြားမှုများ၊ အင်္ဂလိပ်ဆန့်ကျင်ပုန်ကန်မှုများ လွတ်လပ်ရေးတိုက်ပွဲများ ဆင်နွှဲနေကြသည်ကို သိသူ ထက် မသိသူက ပိုများပြားခဲ့သည်။ မြန်မာနိုင်ငံတွင် ဒို့ဗမာအစည်းအရုံး စသောနိုင်ငံရေးအသင်းအပင်းများ အရှိန်အဟုန် မြင့်မား နေချိန်တွင် ချင်းတောင်၌ပြောပလောက်သော နိုင်ငံရေးလှုပ်ရှားမှုမျိုးမရှိခဲ့ချေ။ တောင်ပိုင်း ကန်ပက်လက် နယ်မှ ဦးဝမ္မတူးမောင်းဦးဆောင်သော နိုင်ငံရေးလှုပ်ရှားမှုများ ၁၉၃၀-ခုနှစ်မှ စတင်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ကာလ တလျှောက် ချင်းတို့သည် အင်္ဂလိပ်တို့ပါဝင်သော မဟာမိတ်များဖက်မှ ပါဝင်တိုက်ပေးနေခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ဗြိတိသျှအစိုးရအနေဖြင့် လက်အောက်ခံ ကိုလိုနီနယ်များမှ ထွက်ခွာမည့် အခြေ အနေပေါ်လာသောအခါ ချင်းလူမျိုးတို့အနေဖြင့် ရှေ့ဆက်ရမည့်အစီအစဉ်များ မထားရှိခဲ့ကြသည်က တစ်ကြောင်း၊ အနာဂါတ်နိုင်ငံရေးအတွက် ကြိုတင်ပြင်ဆင်နိုင်လောက်အောင် နိုင်ငံရေးအတွေ့အကြုံ နည်းပါးသေးသည်က တစ် ကြောင်း၊ ချင်းပြည်၏ စီးပွားရေးနောက်ခံအင်အား မတောင့်တင်းသည်ကတစ်ကြောင်း၊ ချင်းပြည်အား ခေတ်သစ်စနစ် သစ် သို့ တွန်းပို့ခေါ်ဆောင်နိုင်မည့် ခေါင်းဆောင်ကြီးများ မပေါ်ပေါက်ခြင်း စသောပြဿနာပေါင်းမြောက်မြားစွာကြောင့် အိမ်နီးချင်းနိုင်ငံရေးသမားများအပေါ်ယုံကြည်အားကိုးစိတ်များတိုးပွားလာကာ သူတို့၏ နိုင်ငံရေးညွှတ်ကွင်းသို့ ခုန်ဝင် ရန် အကြောင်းပါလာလေတော့သည်။

ထို့ကြောင့် မည်သူမျှမအုပ်ချုပ်ခဲ့ဖူးသော ငါတို့၏ ဘိုးဘွားပိုင်ချင်းနိုင်ငံသည် (၃)နိုင်ငံသို့သုံးစိပ်သုံးမြွှာ ကွဲပြဲ ရလေ့တော့သည်။ ဤသို့ဖြင့် အရှေ့ဖက်ချင်းပြည်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၌လည်းကောင်း တောင်ပိုင်းချင်းပြည် အား အရှေ့ပါကစ္စတန်၌လည်းကောင်း၊ အနောက်ဘက်ချင်းပြည်ကို အိန္ဒိယ နိုင်ငံ၌လည်းကောင်း၊ အသီးသီး အုပ်စု ကွဲကာ ဖရိုဖရဲကွဲပြဲကုန်ကြလေတော့သည်။

## အပိုင်း-၃

### လွတ်လပ်ရေးအတွက် ပြင်ဆင်ခြင်း

ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ဗြိတိသျှအစိုးရက မဟာမိတ်များ အနိုင်ရပါက ကိုလိုနီနယ်များအား လွတ် လပ်ရေးပေးမည်ဟု ထုတ်ပြန်ကြေညာသည့်အတိုင်း စစ်ကြီးပြီးသည်နှင့်ဗြိတိသျှလက်အောက်ခံ ကိုလိုနီနယ်များသည် လွတ်လပ်ရေးအတွက် ပြင်ဆင်ကြရသည်။ တောင်အာရှနိုင်ငံများ ဖြစ်သည့် အိန္ဒိယနိုင်ငံသည် ဗြိတိသျှတို့၏ သွေးခွဲ အုပ်ချုပ်ရေးကြောင့် ပြန်လည်မပေါင်းစည်းနိုင်တော့ဘဲ သီးခြားလွတ်လပ်ရေးအတွက် ကြိုးစားလာကြသည်။ ဗုဒ္ဓဘာ သာဝင်နိုင်ငံဖြစ်သော သီဟိုလ်ကျွန်း( ယခုသီရိလင်္ကာနိုင်ငံ/SriLanka)၊ မွတ်ဆလင်ဘာသာဝင်များ ထူထပ်ရာ ဆိန်း‌ဒ် ပြည်နယ်နှင့် အရှေ့ဘင်္ဂလားနယ်အား ပါကစ္စတန်၊ ဟိန္ဒူဘာသာဝင်များသော ဟိန္ဒူစတန်အား အိန္ဒိယတို့ဖြင့် သီးခြား နိုင်ငံများထူထောင်ရန် စိုင်းပြင်းလာကြသည်။ ထိုကြောင့် အနောက်ဘက် ချင်းအမျိုးသားများသည် အရှေ့ ပါကစ္စတန် နှင့် အိန္ဒိယနိုင်ငံတို့နှင့် ပူးပေါင်းရန်အားသန်ခဲ့ကြသည်။

အရှေ့ဘက် ချင်းအမျိုးသားများမှာလည်း လောလောဆယ်တွင် အချုပ်အခြာ အာဏာပိုင်နိုင်ငံ FULL Sovereign State မျိုးတည်ထောင်ရန် နည်းလမ်းမရှာကြံတတ်ဘဲ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးသွေးဆောင်မှု အ ပေါ် ယုံကြည်အားထားလာကြသည်။ တောင်ပိုင်းချင်းတောင်မှ ချင်းအမျိုးသားများသည် နဂိုကပင်မြန်မာပြည်နှင့် ပူး ပေါင်းရန်သဘောတူပြီးဖြစ်သောကြောင့် မြောက်ပိုင်းချင်းအမျိုးသားများအား မြန်မာပြည်နှင့် ပူးပေါင်းရေးအတွက် စည်းရုံးနှိုးဆော်ရာတွင် အထူးလက်ဝင်နေခဲ့ကြသည်။ တခြားတဖက်တွင်မူ အင်္ဂလိပ်တို့သည် တောင်တန်းဒေသများ ဖြစ်သော ရှမ်းပြည်နယ်၊ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းတို့အား မြန်မာနိုင်ငံနှင့် မပူးပေါင်းစေဘဲ နှစ်ပေါင်း

(၂၀)ခန့် ၎င်းတို့၏ ကိုလိုနီလက်အောက်တွင် ဆက်လက်ထားရှိပြီး လိုအပ်သည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ပြီး ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်ပြီဆိုမှ လွတ်လပ်ရေး အရယူရန် စည်းရုံးသွေးဆောင်ခဲ့သည်။ အကယ်၍ အင်္ဂလိပ်တို့၏ ကတိအား လက်ခံ ယုံကြည်ခဲ့မည်ဆိုပါက အာဖရိကတိုက်ရှိ ၎င်းတို့လက်အောက်ခံ ကိုလိုနီနယ် များနှင့် အတူ ၁၉၆၅-၇၀ နှစ်ကြားကာလများတွင် ချင်းအမျိုးသားများသည် တစုတစည်းတည်းဖြင့် ကိုယ်ပိုင်နိုင်ငံကို ထူထောင်နိုင်ခဲ့မည်ဖြစ်သည်။ ချင်းအမျိုးသားခေါင်းဆောင် တစ်ဦး၏ နိုင်ငံရေး သံဝေဂရသော စကားအရ အင်္ဂလိပ် တို့သည် မိမိတို့ကတိအတိုင်း ၁၉၇၀-ခုနှစ်မတိုင်မီ အာဖရိကတိုက်ရှိ ကိုလိုနီနယ်များအား လုံးဝလွတ်လပ်သော နိုင်ငံများအဖြစ်ထူထောင်ပေးပြီး မိမိတို့နေရပ်ဌါနေသို့ပြန်သွားကြောင်း သိရှိရသည်။ အကြောင်းရင်းမှာ ကမ္ဘာ့ ကုလသမဂ္ဂ၏ ၁၉၆၀-ခုနှစ် ကိုလိုနီစနစ် ချုပ်ငြိမ်းရေးမူအရ အာဖရိ က တိုက်ရှိ ကိုလိုနီများလည်းလွတ်မြောက်ခဲ့ကြသည်။

အနောက်ဖက်ဒေသများရှိ ချင်းများအား အရှေ့ပါကစ္စတန်( ယခုဘင်္ဂလားဒေ့ရှ် ) အရှေ့ပိုင်းတိုင်းရှိ စစ်တကောင်းခရိုင်၊ စစ်တကောင်းတောင်တန်းခရိုင်၊ ကော်မီးလားခရိုင်၊ ခါဂြကျရီခရိုင်နှင့် ဆီလ်ဟက်ခရိုင်တို့လည်းကောင်း၊ အိန္ဒိယနိုင်ငံ တြိပူရပြည်နယ်၊ မဏိပူရပြည်နယ် အာသံပြည်နယ်တို့တွင် ပါဝင်စေကြသည်။ နောင်တွင် နာဂ ပြည်နယ်၊ မီဇိုးရမ်ပြည်နယ်နှင့် မေဃလယပြည်နယ်များ ပေါ်ထွန်းလာပြီး ထိုပြည်နယ်များသည် ချင်းအမျိုးသားများနှင့် အထူးသက်ဆိုင်သော ပြည်နယ်များပင်ဖြစ်ကြပါသည်။ မီဇိုးရမ်းပြည်နယ်မှာ လူရှေတောင်တန်း(ခရိုင်) အဖြစ်ထင်ရှားသော နယ်ဖြစ်ပြီး ၁၈၉၂-ခုနှစ်၊ ဇန္နဝါရီလ(၂၉)ရက်နေ့တွင် ကျင်းပသော Chin-Lushai Conference ၏ ဆုံးဖြတ်ချက် အရ ချင်းတောင်တန်းနှင့်ပူးပေါင်းရန် လျာထားခဲ့ရသော အနောက်ဖက်ရှိ ချင်းတို့၏ အဓိကနယ်မြေပင်ဖြစ်သည်။ လွတ်လပ်ရေးနောက်ပိုင်းတွင် အာသံပြည်နယ်၏ ခရိုင်တစ်ခု ဖြစ်လာပြီး ၁၉၇၂-ခုနှစ်တွင် Union Territory ခေါ်ဖွံ့ဖြိုးရေးပြည်နယ်ရရှိခဲ့သည်။ ၁၉၈၆-ခုနှစ်ဇွန်လ(၃၀)ရက်နေ့တွင် Mizo National Front (MNF) ခေါ် မီဇိုးသူပုန် များ လက်နက်ချ အလင်းဝင်ကြပြီးနောက် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ပြည်နယ်အဖြစ် နိုင်ငံရေးအဆင့် အတန်းတိုးမြှင့်ပေးခဲ့ရသသည်။

၁၉၄၇-ခုနှစ် ဩဂုတ်လ(၁၄)ရက်တွင် လွတ်လပ်ရေးရရှိခဲ့သော အရှေ့ပါကစ္စတန်သည် ၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်အမည်ဖြင့် လွတ်လပ်ရေးရခဲ့သော်လည်း ဌာနေချင်းတိုင်းသားများအား မည်သည့် နိုင်ငံရေးဆိုင်ရာ တည်းဟူသော ရခိုင်အမျိုးသားများအား နယ်ပိုင်နယ်အဆင့်မှ ခရိုင်နယ်ပါယ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သော်လည်း ချင်းအနွယ်ဝင်များဖြစ်သော Bawm, Khumi, Khyanh, Lusei, Mro, Pangkhua တို့ကိုမူ တိုက်နယ်အဆင့်ကိုပင် မပေးရသေးချေ။

### ပြည်ထောင်စုမြန်မာနိုင်ငံတော် ပေါ်ပေါက်လာပုံ

ဗိုလ်ချုပ်အောင်ဆန်းအပေါ်ယုံကြည်မှုအားဖြင့် အရှေ့ဖက်ရှိ ချင်းအမျိုးသားခေါင်းဆောင်များသည် ရှမ်းနှင့် ကချင်ခေါင်းဆောင်များနည်းတူ ၁၉၄၇ ခုနှစ် ဖေဖော်ဝရီ (၁၂) ရက်နေ့များတွင် ကျင်းပသော ပင်လုံညီလာခံသို့ တက်ရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံပေါ်ပေါက်လာရေးအတွက် ပင်လုံသဘောတူစာချုပ်အားလက်မှတ်ရေးထိုး အတည်ပြုခဲ့ကြသည်။ ချင်းတိုင်းရင်းသားများ ပင်လုံစာချုပ်အား လက်မှတ်ရေးထိုးခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်း၌ ချင်းတိုင်းရင်းသားတို့၏ အခန်းကဏ္ဍအားမသေးငယ်လှကြောင်း သက်သေပြနေပေသည်။ ထို ပင်လုံ စာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီ(၁၂)ရက်အား ပြည်ထောင်စုနေ့အဖြစ် အတည်ပြုပေးခြင်းသည်လည်း မြန်မာနိုင်ငံတွင် ချင်းလူမျိုးတို့သည် အဓိကလူမျိုး (Major Ethnic) တမျိုး ဖြစ်ကြောင်းထင်ရှားနေပေသည်။

ထိုသို့ပင်လုံစာချုပ်ကို ချုပ်ဆိုပြီးနောက် ၁၉၄၇ ခုနှစ် မတ်လ (၁၈ - ၂၀)ရက်များတွင် ရှမ်းပြည် တောင်ပိုင်း ညောင်ရွှေမြို့၌ တောင်တန်းသားများညီလာခံ (Frontier Areas Committee Inquiry) သို့ ချင်းအမျိုးသား ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် အနာဂတ်မြန်မာနိုင်ငံနှင့် တိုင်းရင်းသားများအရေးကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထိုညီလာခံက ဖွဲ့စည်းပေးလိုက်သော ရီးစ်ဝီလျံကော်မရှင်( Rees Williams Commission)

က ညီလာခံတွင် ဆွေးနွေးခဲ့သမျှသော အချက်အလက်များကို တည်းဖြတ်ကာ ဧပြီလအတွင်း ရီးစ်ဝီလျံ ကော်မရှင်၏ အစီရင်ခံစာထွက်ပေါ်လာခဲ့သည်။ ထိုအစီရင်ခံစာ၌ မကြာမီရေးဆွဲရမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါဝင်ထည့်သွင်းသင့်သော/မပါမဖြစ်သော အချက်အလက်များကို အသေးစိပ်ထောက်ပြထားသည် ကို တွေ့ရှိရပေသည်။ ဤသို့ဖြင့် ချင်းတောင်တန်းသည် ရှမ်းနှင့် ကချင်များနည်းတူ သီးခြား ပြည်နယ်အဖြစ် ရပ်တည် နိုင်မည်ဖြစ်သော်လည်း နိုင်ငံရေးပရိယာယ်မကြွယ်ဝသေးသော ချင်းနိုင်ငံရေး ခေါင်းဆောင်တို့ ကြောင့် ဝိသေသတိုင်း အဆင့်သို့ ထိုးဆင်းခဲ့ရလေသည်။

မြန်မာနိုင်ငံသည် ၁၉၃၈ ခုနှစ် ဇန္နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးရလာခဲ့ရာ ချင်းတောင်တန်းသည် လည်း ရခိုင်တောင်တန်းနှင့် ပူးပေါင်းပြီး ချင်းဝိသေသတိုင်း(Chin Special Division)ဖြစ်လာသည်။ လွတ်လပ်ရေးရပြီး နောက် ချင်းဝိသေသတိုင်းဖြစ်လာသည်နှင့် ရှေးဟောင်းပဒေသရာဇ်အုပ်ချုပ်ရေးစနစ်အစား ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်သို့ ကူးပြောင်းရတော့မည်ဖြစ်၍ အနာဂါတ် ချင်းအမျိုးသားများအရေးကိစ္စအဝဝကို ဆွေးနွေးနိုင်ရန်အတွက် ချင်း အမျိုးသားညီလာခံကို ၁၉၄၈ ခုနှစ်၊ဖေဖော်ဝါရီလ(၁၉-၂၁)ရက်နေ့များတွင် ခေါ်ယူကျင်းပခဲ့လေသည်။ ထိုနေ့ရက်များ အနက် ဖေဖော်ဝါရီ(၂၀)ရက်နေ့အား ချင်းအမျိုးသားနေ့အဖြစ် အတည်ပြုခဲ့ကြသည်။

ဤညီလာခံသည် ချင်းနိုင်ငံရေးသမိုင်းအရ ပဒေသရာဇ်စနစ်ဆွေးစနစ်ဟောင်းချုပ်ငြိမ်းပြီး ဒီမိုကရေစီ စတင် ထွန်းကားလာသော အထိမ်းအမှတ်နေ့ဖြစ်သောကြောင့် သမိုင်းဝင် ချင်းအမျိုးသားနေ့အဖြစ် မော်ကွန်းတင်နေရပြီဖြစ် သည်။ ချင်းလူမျိုးထုတစ်ရပ်လုံးအား ဒီမိုကရေစီခေတ်သစ်ဆီသို့ တွန်းပို့ခေါ်ဆောင်သွားမည့် ချင်းရေးရာဝန်ကြီးအဖွဲ့ကို ချင်းပါလီမန်အမတ်များဖြင့် ဖွဲ့စည်းခဲ့သည်။ ချင်းဝိသေသတိုင်းအား တိုင်းမင်းကြီးတစ်ဦးက ဦးစီးချုပ်ကိုင်ပြီး ၎င်း လက် အောက်တွင် ခရိုင်ဝန်နှစ်ဦးက တောင်ပိုင်းနှင့်မြောက်ပိုင်းခရိုင်များကို ခွဲခြားအုပ်ချုပ်ခဲ့လေသည်။ ယခင်က အရေးပိုင် ခေါ် ခရိုင်ဝန်ရုံးစိုက်ရာ ပလက်ဝမြို့အား နယ်ပိုင်ရုံးစိုက်ရာ အဖြစ်ထားရှိပြီး နယ်ပိုင်ရုံးစိုက်ရာ ကန်ပက်လက် မြို့တွင် ခရိုင်ဝန်ရုံးကို ပြောင်းရွှေ့ခဲ့သည်။ မြို့နယ်(၆)ခုထားရှိပြီး တောင်နှင့်မြောက်မြို့နယ်(၃)ခုစီ ထားရှိခဲ့သည်။

အခြေခံဥပဒေ၏ အားနည်းချက်ကြောင့်လည်းကောင်း ၊ ပါလီမန်ဒီမိုကရေစီစနစ်အားနည်းချက်ကြောင့်လည်း ကောင်း၊ လူမျိုးကြီးစိတ်ဝင်နေသူများကြောင့်လည်းကောင်း၊ မသမာအာဏာရူးနိုင်ငံရေးသမားများက တိုင်းရင်းသား များ၏ အထူးအားထားကိုးကွယ်ရာဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ခဲ့ကြ၍လည်းကောင်း၊ တိုင်း ရင်းသားများတောင်းဆိုသော ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုအား နိုင်ငံတော်မှ ခွဲထွက်ရန် ကြံစည်သည်ဟူ၍ စွပ်စွဲ ခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီ ခေါ် စစ်အာဏာရှင်အစိုးရ တက်လာပြီး အခြေခံ ဥပဒေနှင့်တကွ ဒီမိုကရေစီပါချုပ်ငြိမ်းခဲ့လေတော့သည်။

တော်လှန်ရေးကောင်စီ အစိုးရသည် ၁၉၆၂-ခုမှ ၁၉၇၃-ခုနှစ်အထိ မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ပြီး မြန်မာ ဆိုရှယ်လစ်လမ်းစဉ် အစိုးရက ၁၉၇၄မှ ၁၉၈၈-ခုနှစ်အထိ မြန်မာနိုင်ငံအား တံခါးပိတ်ဝါဒဖြင့် ဖိနှိပ်ချုပ်ချယ်အုပ်ချုပ် လာခဲ့ရာ တိုင်းရင်းသားပြည်သူများအဖို့ အမှောင်ခေတ်ကြီး ကျရောက်ခဲ့ရလေသည်။ ၁၉၈၈ ခုနှစ်သို့ ရောက်လာသော် ပြည်သူများ မခံမရပ်နိုင်တော့သောကြောင့် တပြည်လုံးအုံးကြွကာ ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ သည်။ သို့ရာတွင် ဒီမိုကရေစီအတွက် အဆင်သင့် ပြင်ဆင်မှုမရှိခဲ့၍ စစ်အာဏာလက်သစ်နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး ကောင်စီ ခေါ် နဝတ စစ်အစိုးရတက်လာပြန်သည်။ ဤအဆိုပါ နဝတစစ်အစိုးရသည်လည်း နိုင်ငံတော်အေးချမ်း သာ ယာရေးကောင်စီခေါ် နအဖ သို့ အမည်ပြောင်းခဲ့ကြရပြန်သည်။သို့ရာတွင် နာမည်သာအဖန်တလဲလဲ ပြောင်းလဲ မှည့် ခေါ်ပြီး မူ နှင့် လူ မပြောင်းလဲသည့် အစိုးရသာဖြစ်သဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် မည်သည့်ကောင်းကျိုးကိုမျှ မပေးစွမ်းနိုင်ခဲ့ ချေ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် (မဆလ)အစိုးရ တက်လာသည်နှင့် ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ် ဖြစ်လာခဲ့ သော်လည်း ချင်းအမျိုးသားများအဖို့ မည်သည့်ထူးခြားမှု မရှိခဲ့ချေ။ နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ အုပ်ချုပ် ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ အလျဉ်းမရှိသောကြောင့် ပြည်နယ်၏ စီးပွားရေးနှင့်ဖွံ့ဖြိုးရေး တိုးတက်မှုများ

ကျဆင်းလာ ကာ ချင်းပြည်သူများ အဆင်းရဲကြီးဆင်းရဲကာ ဒုက္ခပင်လယ်တွင် နစ်မျောနေကြလေတော့သည်။ စစ်အာဏာရှင် အစိုးရတက်လာသည်နှင့် ယခင်က ဖွဲ့စည်းခဲ့သော ချင်းနိုင်ငံရေးပါတီများပါ ဇာတ်သိမ်းခဲ့ကြလေသည်။ တော်လှန်ရေး ကောင်စီအစိုးရနှင့် မဆလအစိုးရလက်ထက်တွင် မည်သည့် နိုင်ငံရေးလှုပ်ရှားခွင့်မျှ မရခဲ့ကြချေ။ မိမိပြည်နယ် တိုးတက်ဖွံ့ဖြိုးမှုများအား မလုပ်ကိုင်နိုင်စေရန် ဒေသစွဲ လူမျိုးစွဲစိတ်များကို ရှောင်ကြဉ်ရမည်ဟု ကြွေးကြော်လျက် တိုင်းရင်းသားတို့၏ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို ချိုးနှိပ်ပစ်ခဲ့သည်။ချင်းနိုင်ငံရေးသမားအချင်းချင်းကြားတွင် လည်းကောင်း၊ ချင်းဝန်ထမ်းနှင့် အရာရှိများအချင်းချင်းကြားတွင်လည်းကောင်း ရန်တိုက်သွေးခဲ့လေမ်းစဉ်ကို ကျင့်သုံး ခဲ့သည်။ မြေပြန့်နေ ဗမာများ ငြိမ်းချမ်းအေးဆေးစွာ နေနိုင်ရန်၊ တိုင်းရင်းသားများ အချင်းချင်း သွေးဝမ်းကွဲပြားအောင် လည်း လုပ်ဆောင်ကြသည်။ သို့သော် သူများက မကောင်းကြံ ကိုယ့်မှ အကျိုးမရှိ ဆိုသောစကားအတိုင်း တနေ့နေ့မှာ ဒုက္ခအကြီးအကျယ် ရရှိကြပေဦးမည် ဖြစ်သည်။

တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးများမကြာမီ ၁၉၆၄-ခုနှစ်၌ Pu Damkhawhau ဦးစီးသော CHIN NATIONAL DEFENCE ခေါ် တော်လှန်ရေးပါတီ ပေါ်ပေါက်လာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီပြန်လည်ဖော်ထုတ်ရန် စတင်စည်းရုံးလှုပ်ရှားလာခဲ့သည်။သို့သော်အခွင့်မသာ၍ အခြေအနေစောင့်ကြည့် ဆိုင်းငံ့နေရင်း ၁၉၆၈-ခုနှစ်တွင် (Mizo National Front)ပါတီနှင့် လက်တွဲပြီး မြောက်ပိုင်းချင်းတောင်စစ်ဆင်ရေးကို ဆင်နွှဲခဲ့လေသည်။CNDပါတီဝင်အချို့သည် MNFများနှင့်အတူ အရှေ့ပါကစ္စတန်(ယခုဘင်္ဂလားဒေ့ရှ်)သို့ သွားရောက်ပြီး တော်လှန်ရေးကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။ Col.Sonkhopau ခေါင်းဆောင်များဖြစ်သည့် Pu Tunkhopum pu Thualzen Pu Ralhmung Pu Hrang naw Pu Soncilian Pu Tialkha စသည့်များပေါ်ပေါက်လာကာ နိုင်ငံရေး လှုပ်ရှားရေး များလုပ်ဆောင်လာခဲ့ကြသည်။

သို့ရာတွင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံခေါင်းဆောင်များ လက်တွဲပြီးပိတ်ဆို့ထားခဲ့ကြခြင်းကြောင့် နောက်ဆုံးတွင် တော်လှန်ရေးလုပ်ငန်းများအား လက်လျှော့ခဲ့ကြရလေသည်။တော်လှန်ရေးအစိုးရအဖြစ်လည်း မဆလပါတီအစိုးရ လက်ထက်တွင် ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ်အဖြစ်ပြောင်းလဲလာပြီး တိုက်နယ်များ၊ မြို့နယ်ခွဲများ၊ ခရိုင်များ ၊ပျောက်ကာ ကျေးရွာအုပ်စုကောင်စီ၊မြို့နယ်ကောင်စီ၊ ပြည်နယ်ကောင်စီ၊ပြည်သူ့လွှတ်တော် နိုင်ငံတော်ကောင်စီ) များ ပေါ်ပေါက်လာခဲ့သည်။ ဒီမိုကရေစီခေတ်နည်းတူ မဆလခေတ်တွင်လည်း ချင်းအမျိုးသားပြည်သူ့လွှတ်တော် အမတ်များထဲမှ နိုင်ငံတော်ကောင်စီဝင်များ၊ နိုင်ငံတော်ဝန်ကြီးများရှိခဲ့ရသော်လည်း၊ ချင်းပြည်နယ်အဖို့ ကျေနပ်အားရလောက်အောင် ဘာမျှဆောင်ရွက်ပေးပိုင်ခွင့် မရှိခဲ့ကြချေ။ ပြည်နယ်ပြည်သူ့ကောင်စီအနေဖြင့် သော်လည်းကောင်း၊ မြို့နယ် ပြည်သူ့ကောင်စီအနေဖြင့်သော်လည်းကောင်း၊ မည်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုမျှ ဆောင်ရွက်ပေးပိုင်ခွင့် မရရှိခဲ့ကြချေ။ စစ်အုပ်ချုပ်ရေးသည် အသသာကျယ်ပြီး အဆံမရှိသော သကြံန်အမြောက်နှင့်သာ တူပေသည်။

စစ်အာဏာရှင်စနစ်၏ ဓမ္မတာအတိုင်း ဆိုရှယ်လစ်စနစ်အရေခြုံသည့် မဆလအစိုးရ၏ ပျော့ကွက်ဟာကွက် အပြည့်တို့ကြောင့် ချင်းပြည်သူများနှင့်တကွ မြန်မာတစ်နိုင်ငံလုံး လူထုအုံကြွမှု ပေါ်ပေါက်လာကာ မဆလ အစိုးရ ပြုတ်ကျခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ ခေါ် နဝတ စစ်အစိုးရအသစ်တက်လာခဲ့ပြန်သည်။ နဝတကို နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီအဖြစ် အမည်ပြောင်းပေးပြန်သော်လည်း အုပ်ချုပ်ရေးမှုနှင့် အုပ်ချုပ်သူလူတို့မှာ နဂို စစ်ဗိုလ်ချုပ်ကြီးများပင် ဖြစ်သောကြောင့် အတူတူနှင့်အနူနူပင် ဖြစ်ကြပါသည်။ ဤအတွက်ကြောင့် ယနေ့ကာလတွင် ချင်းမျိုးချစ်လူငယ်များသည် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်လျက် ခေတ်မီတိုးတက်သော နိုင်ငံရေးပညာရပ်များကို ဆည်းပူးလေ့လာရင်း ချင်းပြည်သူများထံ ပညာပေးဟောပြောပွဲများ နိုင်ငံရေးနှင့် ခေါင်းဆောင်မှုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အခြေခံလူ့အခွင့်အရေး ပညာသင်တန်းများ၊ အမျိုးသမီးများနှင့် ကလေးလူငယ်များအခွင့်အရေးဆိုင်ရာ ပညာပေးသင်တန်းများ၊ ဆောင်ရွက်ပေးကာ အဖချင်းနိုင်ငံ၏ ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို ဦးထိပ်ထားလျက်၊ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်နေကြလျက် ရုန်းကန်လှုပ်ရှားနေကြရပါသည်။

## ကျမ်းကိုးစာရင်း


1. The Chin Hills. Vol.I (1896 )
2. The Chin Chronicles (1988 )
3. The Democracy and Politics in Burma.( 1993 )
4. The Structure of Chin Society ( 1963 )
5. Zo People and Their Culture ( 1995 )
6. Facts About the Kukis ( 2004 )
7. History of the Chin Hills ( 1976 )
8. Zo History ( 1886 )
9. Mizoram G.K.
10. The 5 Point Demands of PCJSS
11. Kuki Tribes History
12. History of Operations ( 1896-97 )
13. The Arakan ( 2003 )
14. The Arakan Hill Tracts ( 1906 )
15. The Chittagong Hill Tracts ( 1907 )
16. Zofate Chenna ( 1988 )
17. Zofate Chanchin ( 1995 )
18. The Central Chins ( 1943 )
19. The 4th Innitial Draft of Chinland Constitution ( 2004 )
20. Zofate Thuhla ( 1996 )
21. The Gazetteer of Burma ( 1880 )
22. The Encyclopaedia Americana
23. The Encyclopaedia Asiatica
24. The Encyclopaedia Britannica
25. The Dictionary of the Lushai Language ( 1940 )


Dated April 9,2006 ( Sunday )